# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 19, 2024 Volume 82, Number 14

၁၉.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၂.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၀.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၅၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဩဂုတ်လ အတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဩဂုတ်လ အတွင်း ပဲစင်းငုံ၁၆ ပြည်ဝင် အိတ်ရေ ၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းက ပြောသည်။ ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ပဲစင်းငုံ ၁၆ ပြည်ဝင်အိတ် ၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "ပဲစင်းငုံတွေ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ ကျောင်းကုန်းမြို့နယ် ထွက်ရှိတဲ့ ပဲစင်းငုံတွေကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လထဲမှာပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၆၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ကျောင်းကုန်းမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ေပြောပြသည်။

အဆိုပါဒေသထွက် ပဲစင်းငုံများကို ကျောင်းကုန်းမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်

ရှိသည်။ ပဲစင်းငုံ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းထံမှသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အသားစားကြက် ပိဿာချိန် ၄၉,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း အသားစားကြက်ပိဿာချိန် ၆၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်အသားစားကြက်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပန်းတနော်မြို့ကနေ ရန်ကုန်ဈေးကွက်ကို အသားစားကြက်တွေ ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေရာမှာ ဩဂုတ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အသားစားကြက်တွေ အရောင်းအဝယ်ကောင်း လာတာကြောင့် မွေးမြူတဲ့သူတွေအဆင်ပြေတာတွေ့ရပါတယ်" ဟု ပန်းတနော်မြို့နယ် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။ ပန်းတနော်မြို့နယ်တွင် အခြားမွေးမြူရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး အသားစားကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ မွေးမြူထွက်ရှိလာသည့် အသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ အသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု အားကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားသမားများ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကုန်စိမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

လက်ရှိ ရေကြီးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲခြင်းများဖြစ်ပေါ်ကာ ဈေးကွက်တွင် ကုန်အဝင် နည်းပါးလာပြီး ကုန်စိမ်းနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

ယခင်ကျဆင်းနေသည့် ဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူနှင့် မုန်ညင်းဖြူအစရှိသည့် ကုန်စိမ်းများ အဓိကမြင့်တက်လာပြီး တစ်ပိဿာလျှင် ၁၀၀၀ မှ ၃၀၀၀ ကျော်နှုန်း အသီးသီး မြင့်တက်လာကြောင်း ဈေးကွက်မှသိရသည်။

လက်ရှိ ရှမ်းပြည်နယ်ကထွက်ရှိသော အချို့ကုန်စိမ်းသီးနှံများမှာ ရေဘေးကြောင့် လမ်းခရီးခက်ခဲပြီး ရန်ကုန်ဈေးကွက်သို့ အဝင်မရှိသလောက် ဖြစ်နေသည့်အတွက်အများဆုံးအနေဖြင့် ရှမ်းထွက်ကုန်များ မြင့်တက်နေခြင်းဖြစ်ကြောင်း စားသောက်ကုန်ရောင်းချသူများထံမှ သိရသည်။

ယခင်က ဂေါ်ဖီတစ်ထုတ်လျှင် ၁၅၀၀ ကျပ် မှ ၃၀၀၀ ကျပ် သာရှိရာမှ ယခု ၃၀၀၀ မှ ၅၀၀၀ ကျပ်သို့လည်းကောင်း၊ ချင်းတစ်ပိဿာလျှင် ယခင်က ၃၀၀၀ မှ ၅၀၀၀ ခန့်သာရှိရာမှ ၇၀၀၀ အထိလည်းကောင်း၊ ငရုတ်တစ်ပိဿာလျှင် ယခင်က ၃၀၀၀မှ ၅၀၀၀ ရှိရာမှ ၆၀၀၀ ကျော်ထိလည်းကောင်း၊ ကင်မွန်းချဉ်ရွက်တစ်စီးလျှင် ယခင်က ၁၅၀၀ မှ ယခု ၂၅၀၀ခန့် အသီးသီး မြင့်တက်လျက်ရှိကြောင်း သီရိမင်္ဂလာဈေးကွက်မှ သိရသည်။

အဓိက ရှမ်းပြည်နယ်ထွက် အသီးတွေ ဈေးတက်သွားတာ။ အရင် ခရမ်းချဉ်သီး၊ ဂေါ်ဖီဈေး ၊ ချင်းဈေးတွေကျပြီး တောင်သူတွေ ရှုံးနေတာ။ အခုက ရေကြီးတော့ ကုန်အဝင် လုံးဝကိုနည်းသွားလို့ ဈေးပြန်တက်လာတာ။ အောင်ပန်းမှာ ကုန်စည်စီးဆင်းမှု ရပ်သွား တော့ ရန်ကုန်မှာ နံနံပင်က အစ တက်နေတယ်။

လှောင်ထားတဲ့ ကုန်သည်တွေလည်း ရေတွေမျော၊ စိုက်ခင်းတွေ ပျက်စီး၊ နောက်ပိုင်း ကုန်စိမ်းနှုန်းတက်ဖို့ပဲရှိတယ်ဟု အောင်ပန်းမှ ရှမ်းကုန်စိမ်းရောင်းချသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ကုန်စည်အဝင်နည်းပြီး ဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းကြောင့် အများပြည်သူများအနေဖြင့် ဟင်းသီးဟင်းရွက်များကိုပင် ဝယ်ယူစားသုံးရန် အဆင်မပြေတော့ကြောင်း သိရသည်။

ရန်ကုန်လက်ကားဈေးကွက်တွင် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ၂၀,၀၀၀ ကျပ် မှ ၂၅,၀၀၀ ၊ ပန်းဂေါ်ဖီ တစ်ပွင့်လျှင် ၆၀၀၀ ကျပ် ၊ ဂေါ်ရခါးသီး တစ်လုံးလျှင် ၆၀၀ မှ ၇၀၀ ၊ ရေတ်သီးပု တစ်ပိဿာလျှင် ၂၀,၀၀၀၊ အရှည်တစ်ပိဿာ လျှင် ၁၀,၀၀၀ ကျပ်နှင့် နံနံပင် တစ်ပိဿာ လျှင် ၃၀,၀၀၀ အထိ ပေးဝယ်နေရကြောင်း အိမ်ရှင်မတစ်ဦးကပြောသည်။

ဒီထက်တက်ရင် အသီးအရွက်တောင် မစားနိုင်တော့ဘူး။ အသားဈေးကို မှီနေပြီး ပုံမှန်ထက် ၅၀၀၀ ကျော်အထိ ကိုတက်နေ တယ်။ တစ်ရက်နဲ့တစ်ရက်ကို မတူဘူး။ ဒီဈေးတွေနဲ့ ဈေးထဲကို မသွားရဲဘူး။ နံနံပင် အရင်ဆို ၄၀၀၊ ၅၀၀ဖိုး ဝယ်လို့ရတယ် အခုဆို ရောင်းမပေးတော့ဘူး ရန်ကုန်မြို့နေသူ အိမ်ရှင်မတစ်ဦးကပြောသည်။

မုန်တိုင်းကြောင့် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများအပြင် စိုက်ခင်းများ ရေနစ်မြုပ်မှုကြောင့် ကုန်စိမ်း ဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်၌ စတင်ဘာလတွင် ခရမ်းချဉ်သီး၊ ချင်း၊ ဂေါ်ဖီနှင့်ကြက်သွန်ဖြူတို့မှာ ဈေးအကျဘက်သို့ရောက်ရှိနေခဲ့ပြီး ရေကြီးမှုများမဖြစ်ခင်က ခရမ်းချဉ်သီးနှင့်ဂေါ်ဖီ တစ်ထုပ်လျှင် ၅၀၀ ကျပ်အောက်သာ ရှိခဲ့သည်။

(AMIA)

**Source:** https://htwettoe.com/download

## တရုတ်ကုန်စည်များအပေါ် အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံမှုကြောင့် အမေရိကန်နိုင်ငံ၏ ကြော်ငြာကဏ္ဍရငွေအပေါ် ထိခိုက်နိုင်

အမေရိကန်နိုင်ငံက တရုတ်ကုန်စည်များအပေါ် အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံမှုကြောင့် အမေရိကန်နိုင်ငံ၏ ကြော်ငြာကဏ္ဍရငွေအပေါ် ထိခိုက်နိုင်ကြောင်း Wall Street Journal အွန်လိုင်း သတင်း၌ ၁၈-၉-၂၀၂၄ ရက်တွင် “How a Tariff Rule Aimed at China Could Affect U.S. Ad Spending” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် တရုတ်နိုင်ငံ၏ e-commerce ကုမ္ပဏီများဖြစ်သည့် Temu နှင့် Shein တို့မှ တန်ဖိုးနည်း (De Minimis) ကုန်ပစ္စည်းအသွင်ဖြင့်ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို ကန့်သတ်ရန်ထုတ်ပြန်ခဲ့ရာ ယင်းထုတ်ပြန်ချက်သည် အမေရိကန် ကြော်ငြာကဏ္ဍတိုးတက်မှုအပေါ် နှေးကွေးစေနိုင်ကြောင်း၊တရုတ်နိုင်ငံမှ အထည်အလိပ်နှင့် အဝတ်အထည် သွင်းကုန် ၇၀ ရာခိုင်နှုန်းသည် တန်ဖိုးနည်းကုန်ပစ္စည်းအသွင်ဖြင့် ဝင်ရောက်လျက်ရှိပြီး ယင်းသို့ဝင်ရောက်မှုကို တားဆီး၍ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ ဝင်ရောက်လာရန် ဆောင်ရွက်သွားမည်ဟု အမေရိကန်အစိုးရ အရာရှိများကဆိုကြောင်း၊ Temu ၊ Shein ၊ Alibaba နှင့် အခြားတရုတ် e-commerce ကုမ္ပဏီများ၏ ဘဏ္ဍာရေးအရဖိအားများကြုံတွေ့ခြင်းသည် အမေရိကန် ကြော်ငြာ လုပ်ငန်းကို ထိခိုက်နိုင်ကြောင်း၊ လက်ရှိတွင် အမေရိကန်နိုင်ငံ၏ ကြော်ငြာကဏ္ဍသည် နှစ်ပေါင်း ၂၀ အတွင်း စွမ်းဆောင်မှု အကောင်းဆုံးကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကြော်ငြာကဏ္ဍ၏ရောင်းအားသည် ၈ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိလာရန်မျှော်မှန်းသည်ဟု မီဒီယာကဏ္ဍရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Magna ကဆိုကြောင်း၊ e-commerce ကုမ္ပဏီများသည် Meta Platforms နှင့် Alphabet ကုမ္ပဏီ၏ Google တို့တွင် ကြော်ငြာခြင်းဖြင့် အမေရိကန်ကြော်ငြာကဏ္ဍကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် Meta ၏ အကြီးဆုံးကြော်ငြာကုမ္ပဏီမှာ Temu ဖြစ်ပြီး ၎င်း၏မိခင်ကုမ္ပဏီဖြစ်သည့် PDD Holding ထံမှ Meta က ဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဘီလီယံအထိ ရရှိခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် Temu သည် Google ၏ ကြော်ငြာ အများဆုံးကုမ္ပဏီ ၅ ခုတွင် ပါဝင်ပြီး Super Bowl ကျင်းပချိန် ၎င်း၏ကြော်ငြာကဏ္ဍကို ထည့်သွင်းကြော်ငြာရန်လည်း ဝယ်ယူခဲ့ ကြောင်း၊ Temu ၏ အမေရိကန်နိုင်ငံရှိ လုပ်ငန်းများ ပြတ်တောက်မှုဖြစ်ပေါ်လာပါက ယင်းလုပ်ငန်းပြင်ပရှိ အခြားဆက်စပ် လုပ်ငန်းများကိုလည်း သက်ရောက်မှုရှိလာနိုင်ကြောင်း၊ တန်ဖိုးနည်း (De Minimis) ကုန်ပစ္စည်းများအား အကောက်ခွန်နှုန်း ကင်းလွတ်ခွင့်

ပြုခြင်း သည် နိုင်ငံခြားရှိ e-commerce လုပ်ငန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ယှဉ်ပြိုင်နိုင်စေရန် ပံ့ပိုးပေးလျက်ရှိရာ ယင်းအချက်ကို ကန့်သတ်ခြင်းဖြင့် ယှဉ်ပြိုင်နိုင်စွမ်းလျော့ကျလာမည်ဖြစ်ကြောင်း၊ Amazon ၏ ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့် ကြော်ငြာလုပ်ငန်းသည်လည်း e-commerce လုပ်ငန်းများကြောင့် အကျိုးအမြတ်များစွာရရှိလျက်ရှိရာ အကယ်၍ တန်ဖိုးနည်းကုန်ပစ္စည်းများအပေါ် အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံပါက ၎င်း၏လုပ်ငန်းများကိုလည်း ထိခိုက်မှုများရှိနိုင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်အတွင်း အမေရိကန်ဒစ်ဂျစ်တယ်ကြော်ငြာကဏ္ဍ၌ Temu သည် အဆင့် ၅ တွင်ရှိကာ ၂၀၂၂ ခုနှစ်တွင် အဆင့် ၆၇ နှင့် ၂၀၂၃ ခုနှစ်တွင် အဆင့် ၁၁ အသီးသီးရှိရာမှ အဆင့်တိုးမြှင့်လာခြင်းဖြစ်သည်ဟု ဈေးကွက်သုသေသနအဖွဲ့ Sensor Tower ကဆိုကြောင်း၊၂၀၂၄ ခုနှစ် ဒုတိယသုံးလပတ်အတွင်း အမေရိကန်ဒစ်ဂျစ်တယ်ကြော်ငြာကဏ္ဍ၌ Shein သည် အဆင့် ၁၃ တွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် တရုတ်အခြေစိုက် TikTok အား အမေရိကန်နိုင်ငံအတွင်း၌ တားမြစ်ရန် ဆောင်ရွက်ခဲ့ပြီးနောက်တွင် Temu အနေဖြင့် အမေရိကန်ဈေးကွက်အစား ဥရောပဈေးကွက်သို့ အဓိကထား၍ ဝင်ရောက်ရန်ဆောင်ရွက်လျက်ရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် Temu အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်များဖြစ်သည့် Google နှင့် Meta တို့ကို အသုံးပြု၍ မည်သည့်နိုင်ငံ၌မဆို ၎င်း၏ ဒစ်ဂျစ်တယ်ဈေးကွက် မြှင့်တင်ရေးလုပ်ငန်းများအတွက် ကြော်ငြာလျှင် ယင်းကုမ္ပဏီများက အကျိုးအမြတ်များရရှိနိုင်ကြောင်း ဖော်ပြထားသည်ကို သိရသည်။

အမေရိကန်အစိုးရသည် တန်ဖိုးနည်း (De Minimis) ကုန်ပစ္စည်းအသွင်ဖြင့် ဝင်ရောက်လာသည့် ဘေးကင်းလုံခြုံမှုမရှိသော၊ မျှတမှုမရှိသောသွင်းကုန်များကို ထိရောက်စွာနှိမ်နင်းခြင်းဖြင့် အမေရိကန်စားသုံးသူများ၊ အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ကာကွယ်သွားမည်ဖြစ်ကြောင်း ၁၃-၉-၂၀၂၄ ရက်၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**(စီးပွားရေးသံမှူး၊ အမေရိကန်ပြည်ထောင်စု)**

**Source:** https://myantrade.gov.mm/

## အတိုးနှုန်းလျှော့ချပေးရန် ထိုင်းဘဏ်(ဗဟိုဘဏ်)သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက တိုက်တွန်းပြောကြားခဲ့

ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးမြှင့်ရန်နှင့် GDP တိုးတက်ရန်အတွက် ထိုင်းဘဏ် (ဗဟိုဘဏ်) အနေဖြင့် အတိုးနှုန်းကို လျှော့ချပေးရန်နှင့် ဘတ်ငွေတန်ဖိုးကို ထိန်းထားပေးရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Picahi Naripthaphan က တိုက်တွန်းပြောကြားခဲ့သည်။

ဘတ်ငွေတန်ဖိုးသည် ခိုင်မာလျက်ရှိပြီး ပို့ကုန်ကို သက်ရောက်လျက်ရှိသဖြင့် ယခုနှစ် တိုးတက်မှုပမာဏကို နည်းပါးစေမည်ဖြစ်ကြောင်း၊ ငွေကြေးနှင့်စပ်လျဉ်း၍ ထိုင်းဘဏ်အနေဖြင့် ဆောင်ရွက်သင့်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် မူဝါဒကြေညာချက်တွင် ပါရှိကြောင်း၊ ဘတ်သည် ၁ ဒေါ်လာလျှင် ၃၃ ဘတ်ထိ အမြင့်ဆုံးရောက်ရှိခဲ့သဖြင့် ၁၈ လအတွင်း အခိုင်မာဆုံးအဆင့်သို့ ရောက်ခဲ့ပါကြောင်း၊ ဘတ်ငွေခိုင်မာလာမှုသည် ပို့ကုန်လုပ်ငန်းရှင်များ၏ ဝင်ငွေကို ကျဆင်းစေပြီး အထူးသဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ၏ အမြတ်အစွန်းကို သက်ရောက်ပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေဖြစ်လွယ်နှုန်းကို မြှင့်တင်ရန်နှင့် ဘဏ္ဍာငွေရရှိနိုင်မှုအတွက် အတိုးနှုန်းကို လျှော့ချပေးသင့်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အတိုးနှုန်းမူဝါဒနှင့် GDP ၏ ၆၀ ရာခိုင်နှုန်းရှိသော ပို့ကုန်ကို သက်ရောက်သည့် ငွေလဲနှုန်းတို့ကို ထိုင်းဘဏ်က သတ်မှတ်သဖြင့် ငွေကြေးမူဝါဒသည် ဘဏ္ဍာရေးမူဝါဒထက် အရေးကြီးပါကြောင်း၊ ပြီးခဲ့သည့်နှစ် စီးပွားရေးသည် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စီးပွားရေး ပြန်လည်ကောင်းမွန်ရန် အစီအမံသစ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ယခင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ မူဝါဒများအတိုင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ယင်းမူဝါဒများတွင် ကုန်ကျစရိတ်များ လျှော့ချခြင်း၊ ဝင်ငွေတိုးမြှင့်ခြင်း၊ အခွင့်အလမ်းများချဲ့ထွင်ခြင်း၊ နိုင်ငံသား၊ စားသုံးသူ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် လုပ်ငန်းဆောင်ရွက်နေသူများအကြား ချိန်ညှိခြင်းဖြင့် အားလုံး တစ်စုတစ်စည်းတည်း အကျိုးကျေးဇူးရရှိစေရန်နှင့် ထိုင်းထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုမြှင့်တင်ရန်အတွက် ခရိုင်စီးပွားရေးရုံးများ နှင့် ကုန်သွယ်ရေးသံတမန်များ ပူးပေါင်း ဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ပြောင်းလဲလာသော ကမ္ဘာ့ကုန်သွယ်မှုလမ်းကြောင်းနှင့်အညီ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်း၊ မြေပြင်စီးပွားရေးမူဝါဒကို တွန်းအားပေးခြင်း၊ S-curve စက်မှုဇုန်ရှိ ပို့ကုန်ကဏ္ဍအတွက် ပြန်လည်တည်ဆောက်ခြင်း၊ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်များအသုံးပြုမှုကို မြှင့်တင်ခြင်းနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ထောက်ပံ့ပေးခြင်း တို့လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ပို့ကုန်ကျဆင်းပြီး ရွှေတင်သွင်းမှုတိုးမြင့်လာသည့်အတွက် ဩဂုတ်လတွင် ကုန်သွယ်မှုလိုငွေ မြင့်တက်လာသည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဩဂုတ်လတွင် ပို့ကုန်ကျဆင်းပြီး ရွှေတင်သွင်းမှု တိုးမြင့်လာသည့်အတွက် ဆယ်လတာကာလ အတွင်း ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၂၉ ဒသမ ၆၅ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း Reuters သတင်းတစ်ပုဒ်အား ကိုးကား၍ U.S.News သတင်းဌာနက ယခုလ ၁၇ ရက်က ဖော်ပြသည်။

Reuters သတင်းဌာန၏ စစ်တမ်းတစ်ခုအရ ဩဂုတ်လ၌ ဖြစ်ပေါ်ခဲ့သော အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည် ကန်ဒေါ်လာ ၂၃ ဘီလီယံရှိမည်ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။ လွန်ခဲ့သည့်လက အဆိုပါကုန်သွယ်ရေးလိုငွေ ပြမှု မှာ ကန်ဒေါ်လာ ၂၃ ဒသမ ၅ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

"ပို့ကုန်တွေဟာ လက်ရှိကမ္ဘာ့အခြေအနေတွေအပေါ်မှာ ကြီးမားတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်" ဟု ကုန်သွယ်ရေး ဌာနအတွင်းဝန် Sunil Barthwal က လစဉ်ကုန်သွယ်မှု အချက်အလက်နှင့် ပတ်သက်၍ သတင်းထောက်များအား ပြောကြား ခဲ့သည်။

သဘော်တင်ပို့ခစရိတ်များ မြင့်တက်လာခြင်း၊ ဥရောပနှင့် အမေရိကတို့တွင် စီးပွားရေးကျဆင်းလာမှုနှင့်အတူ တရုတ်နိုင်ငံ တွင် စီးပွားရေးနှေးကွေးလာမှုတို့ စုပေါင်း၍ ပို့ကုန်များအပေါ် အကျိုးသက်ရောက်မှုရှိနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကမ္ဘာ့ပဉ္စမအကြီးဆုံး စီးပွားရေးအဆောက်အအုံဖြစ်သော အိန္ဒိယနိုင်ငံမှ ပြင်ပသို့ ပို့ကုန်တင်ပို့မှုမှာ နှစ်အလိုက်တိုးတက်မှု ၉ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားပြီး၊ လွန်ခဲ့သောလက ကန်ဒေါ်လာ ၃၄ ဒသမ ၇၁ ဘီလီယံသို့ ဆက်တိုက်ကျဆင်းသွားခဲ့ကြောင်း အချက်အလက်များအရ သိရှိရသည်။ တစ်ဖက်တွင် နိုင်ငံ၏ တင်သွင်းမှုမှာ ၃ ဒသမ ၃ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၆၄ ဒသမ ၃၆ ဘီလီယံအထိ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၏ လစဉ်ရွှေတင်သွင်းမှုသည် ယခင်လနှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၀ ဒသမ ဝ၆ ဘီလီယံအထိ သုံးဆကျော် မြင့်တက်ခဲ့ပြီး၊ တစ်စိတ်တစ်ပိုင်းအားဖြင့် ပြည်တွင်းဝယ်လိုအား မြင့်တက်လာခြင်းကြောင့်ဖြစ်သည် ဟု အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ တန်ဖိုးသတ်မှတ်ချက်အရ ဩဂုတ်လ ရွှေတင်သွင်းမှုသည် ၂၀၂၁ ခုနှစ် မတ်လနောက်ပိုင်း တွင် အမြင့်ဆုံးဖြစ်ပြီး ကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း Reuters သတင်းဌာန၏ တွက်ချက်မှုများအရ သိရသည်။

ရွှေတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ လျှော့ချဖြတ်တောက်ခဲ့ပြီးနောက် ဇူလိုင်လ ဘတ်ဂျက်တွင် တရားဝင်လမ်းကြောင်းများမှ ရွှေတင်သွင်းမှု တိုးမြင့်လာသဖြင့် ရွှေမှောင်ခိုတင်သွင်းမှုကို အားလျော့စေသည်ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားခဲ့သည်။ ယခုနှစ် ဩဂုတ်လက အိန္ဒိယနိုင်ငံ၏ ဝန်ဆောင်မှုပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၀ ဒသမ ၆၉ ဘီလီယံခန့်ရှိပြီး၊ ဝန်ဆောင်မှုသွင်းကုန်မှာ ကန်ဒေါ်လာ ၁၅ ဒသမ ၇၀ ဘီလီယံရှိကြောင်း၊ လွန်ခဲ့သည့်နှစ် ကာလတူက ဝန်ဆောင်မှုပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၈ ဒသမ ၇၁ ဘီလီယံနှင့် ဝန်ဆောင်မှု သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၅ ဒသမ ဝ၉ ဘီလီယံ နှိုင်းယှဉ်ကြည့်ရှုလျှင် ပို့ကုန်တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ်လ၌ ကုန်ဆုံးခဲ့သော ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် အိန္ဒိယ၏ ကုန်စည်နှင့်ဝန်ဆောင်မှု နှစ်ရပ်ပေါင်း တင်ပို့မှုမှာ ကန်ဒေါ်လာ၇၇၆ ဘီလီယံနီးပါးရှိပြီး၊ စုစုပေါင်းသွင်းကုန်မှာ ကန်ဒေါ်လာ ၈၅၅ ဘီလီယံနီးပါး ရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကုန်ဈေးနှုန်းများ ကျဆင်းခြင်းအပြင် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ ပြင်းထန်လာခြင်းနှင့် ကုန်စည်ပို့ဆောင်ခများ မြင့်တက်လာခြင်းတို့ကြောင့် အိန္ဒိယကုန်ပစ္စည်းများ တင်ပို့မှုအပေါ် သက်ရောက်မှုရှိကြောင်း ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။ "ပင်လယ်နီမှာဖြစ်ပေါ်နေတဲ့ အနှောင့်အယှက်တွေကြောင့် ပြီးခဲ့တဲ့နှစ်က အိန္ဒိယတင်ပို့သူတွေရဲ့ ဥရောပနှင့် အမေရိကန်ကို တင်ပို့တဲ့ ကုန်ပစ္စည်းတွေအတွက် သယ်ယူပို့ဆောင်စရိတ် နှစ်ဆကျော် မြင့်တက်ခဲ့ပါတယ် " ဟု ဒေလီမြို့အခြေစိုက် Global Trade Research Initiative ခေါ် ဉာဏ်ကြီးရှင်များအဖွဲ့၏ တည်ထောင်သူ Ajay Srivastava က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှု စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် Maersk၊ MSC နှင့် COSCO ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများအပေါ်တွင် မှီခိုနေရသည့်အတွက် ပြည်တွင်းသင်္ဘောလိုင်းများနှင့် ကုန်သေတ္တာထုတ်လုပ်ရေးကို အားဖြည့်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း အဆိုပါ ဉာဏ်ကြီးရှင်များအဖွဲ့ (Think-tank) မှ အစိုးရအား တိုက်တွန်းပြောကြားထားသည်။ ကမ္ဘာ့ဘဏ်မှ ယခုလအစောပိုင်း၌ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်စောင်တွင် သွင်းကုန်ခွန်များလျှော့ချပြီး၊ ပို့ကုန်မြှင့်တင်ရန်အတွက် ကမ္ဘာ့တန်ဖိုး ကွင်းဆက်များအတွင်း ပေါင်းစည်းဆောင်ရွက်ရန် အိန္ဒိယအစိုးရအား တိုက်တွန်းခဲ့ပြီး၊ နိုင်ငံ၏ ကုန်ထုတ်ရေးလုပ်ငန်းများအနေဖြင့် အဆိုပါကဏ္ဍများမှ တရုတ်နိုင်ငံ ထွက်ခွာခဲ့သည့်အပေါ် ရရှိလာသည့်အခွင့်အလမ်းများကို အပြည့်အဝ ဆုပ်ကိုင်ထားနိုင်ခြင်းမရှိသေးဟု ထောက်ပြပြောကြားခဲ့ ကြောင်း သိရသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော ကုန်သွယ်မှုလိုငွေသည် အိန္ဒိယနိုင်ငံကဲ့သို့ ထွန်းသစ်စ စီးပွားရေး အဆောက်အအုံတစ်ခုအတွက် စိုးရိမ်စရာကိစ္စမဟုတ်ဟု အိန္ဒိယကုန်သွယ်ရေး အတွင်းဝန်က ပြောကြားခဲ့သည်။ "အခြားနိုင်ငံတွေထက် နှစ်ဆတိုးတက်နေတဲ့ စီးပွားရေးအဆောက်အအုံကနေ ကြီးမားတဲ့ စားသုံးမှုဝယ်လိုအား ဖြစ်ပေါ်လာတာရှိပါတယ်" ဟု Barthwal က ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပို့ကုန်တင်ပို့မှုကျဆင်းကာ သွင်းကုန်များ၊ အထူးသဖြင့် ရွှေတင်သွင်းမှု တိုးမြင့်လာခြင်းကြောင့် ကုန်သွယ်မှုလိုငွေကြီးမားလာခြင်းနှင့် တွေ့ကြုံနေရပါသည်။ တစ်ဖက်တွင် ကမ္ဘာ့ကုန်ဈေးနှုန်းများကျဆင်းလာခြင်း၊ ကုန်စည်ပို့ဆောင်ခများ ကြီးမြင့်လာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှေးကွေးလာမှုတို့နှင့် ရင်ဆိုင်နေရသည့် အခြေအနေများကို သိရသည်။

**ရည်ညွှန်း။ U.S.News: India's Trade Deficit Widens in August on Spike in Gold Imports, Weak Exports, September 17, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## ကုန်သွယ်မှုချိတ်ဆက်ဆောင်ရွက်သည့်ပလက်ဖောင်း (Trade Connect ePlatform) အား တည်ဆောက်လျက်ရှိ

အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန (Directorate General of Foreign Trade–DGFT) သည် အိန္ဒိယနိုင်ငံ၏ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုနှင့်သက်ဆိုင်သော အဖွဲ့အစည်းများအကြား တိုက်ရိုက်ချိတ်ဆက်နိုင်သည့် “ကုန်သွယ်မှုချိတ်ဆက်ဆောင်ရွက်သည့်ပလက်ဖောင်း (Trade Connect ePlatform)” အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

“ကုန်သွယ်မှုချိတ်ဆက်ဆောင်ရွက်သည့်ပလက်ဖောင်း (Trade Connect ePlatform)” သည် ကုမ္ပဏီများ အနေဖြင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေး၊ ဈေးကွက်နှင့်ထုတ်ကုန် မဟာဗျူဟာများမြှင့်တင်နိုင်ရေးတို့အတွက် နိုင်ငံနှင့်ကုန်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အထောက်အပံ့ပေးနိုင်စေရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါ Trade Connect ePlatform သည် ပြည်ပမှ ဝယ်ယူလိုသူများအတွက် အိန္ဒိယနိုင်ငံမှ အလားအလာရှိသည့် ပို့ကုန်လုပ်ငန်းရှင်များကို လွယ်ကူစွာ ရှာဖွေနိုင်ခြင်း၊ အိန္ဒိယနိုင်ငံနှင့် နိုင်ငံတကာဆိုင်ရာ ပို့ကုန်နှင့်ပတ်သက်သည့် အချက်အလက်များ၊ အစိုးရ၏ အကူအညီပေးမှုများ၊ ကုန်စည်ပြပွဲများ၊ ငွေကြေးအထောက်အပံ့ရရှိမှုများကိုပါ သိရှိနိုင်မည့် သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။ Trade Connect ePlatform နှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက https://www. trade.gov.in/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်ကုန်သွယ်မှုကွန်ရက် (Open Network for Digital Commerce-ONDC) သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ဦးစားပေးကုန်သွယ်ဖက်နိုင်ငံများစာရင်းများနှင့်နိုင်ငံတကာဒစ်ဂျစ်တယ်ကုန်သွယ်ရေးအချက်အလက်များကိုဖော်ပြပေးနေသည့် ကွန်ရက်တစ်ခု ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှု ဦးစီးဌာန (Directorate General of Foreign Trade-DGFT) သည် နယ်စပ်ဖြတ်ကျော် e-Commerce မှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ ပို့ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဒစ်ဂျစ်တယ်ကုန်သွယ်မှု ကွန်ရက် (Open Network for Digital Commerce-ONDC) နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**Source:** https://myantrade.gov.mm/

## STOCK EXCHANGE (19.9.2024)






## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 19th Sep, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,289 (Shares) | 12,026,200 (MMK) |

| MYANPIX | 410.22 ▲ 1.15 |
|---|---|
| Total Volume (shares) | 3,289 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 773,749 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 8,900 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 100 |
| MAEX | 00008 | 3,400 | ▲ 0 |

TIR